□ နိုင်ငံတစ်နိုင်ငံ၏ စတော့ ရှယ်ယာ ဈေးကွက် သို့မဟုတ် အရင်းအနှီး ဈေးကွက်တစ်ခု အောင်မြင်စေရေးအတွက် ဆောင်ရွက်ကြရာတွင် ရှယ်ယာ ထုတ်ဝေသည့် ကုမ္ပဏီများ၊ ယင်းရှယ်ယာများကို ဝယ်ယူ ရင်းနှီးမြှုပ်နှံသူများ၏ အခန်းကဏ္ဍသာမက ဈေးကွက်ထိန်းကျောင်းသည့် အဖွဲ့များ၊ ဈေးကွက်ကို ပံ့ပိုးပေးသည့် အဖွဲ့များ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးပါလှပါသည်။

*စာရေးသူ၏ အမှာစာ*

□ အစိမ်းရောင် ဘဏ္ဍာရေးစနစ်သည် ငွေရေးကြေးရေး စာချုပ်စာတမ်းများ၊ ၎င်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် အရေးပါသလို တစ်ဖက်တွင်လည်း လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်ရေး၊ မှဝါဒများ ချမှတ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင်လည်း အဓိကကျသည့် အခန်းကဏ္ဍမှ ရပ်တည်လျက် ရှိပါသည်။

*အစိမ်းရောင် ဘဏ္ဍာရေးစနစ်*

□ စတော့ ရောင်းချရေးကို တာဝန်ယူကြသည့် ရင်းနှီးမြှုပ်နှံမှုဘဏ် သို့မဟုတ် ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီများအနေနှင့် ကုမ္ပဏီ ရှယ်ယာများ အောင်မြင်စွာ ရောင်းထွက်ရေးအတွက် အလားအလာကောင်းသည့် ကော်နှာစတုန်း ရင်းနှီးမြှုပ်နှံသူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်နိုင်သည့် အရည်အချင်း ရှိရန် လိုအပ်ပါသည်။

*ကော်နှာစတုန်း ရင်းနှီးမြှုပ်နှံသူများ*

□ ဝန်ထမ်း အငြိမ်းစားယူသည့်အချိန် သို့မဟုတ် အလုပ်မှ ထွက်ခွာသည့် အချိန်တွင် ကုမ္ပဏီသည် ၎င်းဝန်ထမ်း ပိုင်ဆိုင်ထားသည့် ရှယ်ယာများ အားလုံးကို အပြီးအပိုင် ပြန်လည် ဝယ်ယူလိုက်ကာ ငွေများကို အမ်းလိုက်ပါသည်။ သို့ဖြစ်ရာ ဝန်ထမ်းသည် ရှယ်ယာများကို ယူဆောင်သွားခွင့် မရှိဘဲ ငွေသားဖြင့်သာ တစ်လုံးတစ်ခဲတည်း ခံစားခွင့် ရှိပါသည်။

*ဝန်ထမ်းများ၏ စတော့ပိုင်ဆိုင်မှု အစီအစဉ်*

□ လာအို စတော့အိတ်ချိန်းသည် ကုမ္ပဏီများအတွက် လိုအပ်သည့် ငွေကြေးများကို စုစည်းပေးကာ နောက်ပိုင်းတွင် နိုင်ငံ၏ လူမှုစီးပွားရေးစနစ်ကို အဓိက အထောက်အကူ ဖြစ်စေမည့် အစိုးရ၏ ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်ကို ဖြည့်စွမ်းနိုင်မည့် ဈေးကွက်တစ်ခု ဖြစ်လာစေရန် ကြိုးစား ဆောင်ရွက်လျက်ရှိသည်။

*လာအိုနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာပုံ*

□ ဂျပန်နိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အတွင်း လိုင်စင် စနစ်မှသည် မှတ်ပုံတင်စနစ်သို့ ပြောင်းလဲခဲ့ပြီးနောက် စတော့ရှယ်ယာ ဈေးကွက်အတွင်း ပြင်းထန်သည့် ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ ပြိုင်ဆိုင်မှုများ ပြင်းထန်ချိန်တွင် ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီတချို့ ဈေးကွက်မှ ထွက်သွားရမည့် အလားအလာများ ဖြစ်ပေါ်ခဲ့ပါသည်။

*ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရေး ရန်ပုံငွေအဖွဲ့*

စတော့ဈေးကွက် ဖွံ့ဖြိုးစေရန် ပံ့ပိုးသည့်အဖွဲ့များ၊ ရင်းနှီးမြှုပ်နှံသူများကို အထောက်အပံ့ပေးသည့် စနစ်များနှင့် အာရှဒေသအတွင်းမှ စတော့အိတ်ချိန်းအချို့၏ တိုးတက်မှု သမိုင်းကြောင်းများမှတ်၍ အပိုင်းသုံးပိုင်း ခွဲခြားကာ လေ့လာနိုင်ပြီး ဖွံ့ဖြိုးရန် အရှိန်ယူနေသည့် မြန်မာ့ဘဏ္ဍာရေးလောကအတွက် အတုယူစရာများ၊ သင်ခန်းစာများ ရရှိလိမ့်မည်ဟု မျှော်လင့်မိပါသည်။

*စာရေးသူ၏ အမှာစာ မှ*

ဗီယက်နမ်အစိုးရမှ ထုတ်ပြန်ထားသည့် ဒီကရီအရ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများသည် သတ်မှတ်ထားသည့် အရည်အချင်း များနှင့်ပြည့်စုံပါက UPCOM Market သို့ မဖြစ်မနေ ဝင်ရောက်ရပါသည်။

UPCOM ဈေးကွက် မှ

နိုင်ငံတိုင်းတွင် အစိုးရမှ ပေးအပ်နိုင်သည့် ရန်ပုံငွေ ပမာဏနှင့် အခြေခံ အဆောက်အအုံ တည်ဆောက်ရန် လိုအပ်သည့် ရန်ပုံငွေ ကွာဟချက် (Gap) မှာ ကြီးမားဆဲဖြစ်ပါသည်။ အကယ်၍ လိုအပ်သည့် ငွေများကို ပြည်တွင်း - ပြည်ပမှ ချေးငွေများ ရယူကာ ဆောင်ရွက်ပြန်လျှင်လည်း Debt to GDP အချိုးအစား မြင့်မားသွားမည်ဖြစ်သဖြင့် စီးပွားရေး တိုးတက်ရေးအတွက် အဟန့်အတား ဖြစ်စေနိုင်ပါသည်။

နိုင်ငံ၏ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး မှ

အစိုးရများ၊ အစိုးရ အေဂျင်စီများ၊ ကုမ္ပဏီများအနေနှင့် အရင်းအနှီးဈေးကွက်မှတစ်ဆင့် ကာလရှည် ရင်းနှီးငွေများ ရှာဖွေရာတွင် မြူနီစီပယ် ငွေချေးစာချုပ်များ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်နေရာမှ ရပ်တည်လျက် ရှိပါသည်။ မြူနီစီပယ် ငွေချေးစာချုပ်များ (municipal bond) ကို အချုပ်အခြာအာဏာပိုင် ပြည်နယ်၊ တိုင်းများ၏အစိုးရများ၊ မြူနီစီပယ်အဖွဲ့များ၊ အစိုးရ အေဂျင်စီများစွာတို့က ထုတ်ဝေလေ့ ရှိကြပါသည်။

မြူနီစီပယ် ငွေချေးစာချုပ်များ ထုတ်ဝေခြင်း မှ

ကြွေးမြီတာဝန်ခံမှုနှင့် ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့ (Credit Guarantee and Investment Facility, CGIF) ကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ပြီး အာဆီယံ + ၃ နိုင်ငံများ၏ ငွေကြေးစနစ် တည်ငြိမ်ရေးနှင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

ကြွေးမြီတာဝန်ခံမှုနှင့် ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့ မှ

## မာတိကာ


□ စာရေးသူ၏ အမှာစာ — က
၁။ စတော့အိတ်ချိန်းစာရင်းဝင် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များ — ၁
၂။ စုပေါင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ် — ၉
၃။ ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး ရန်ပုံငွေအဖွဲ့ — ၁၉
၄။ ကြွေးမြီတာဝန်ခံမှုနှင့် ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့ — ၂၉
၅။ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ — ၄၇
၆။ ကော်နှာစတုန်း ရင်းနှီးမြှုပ်နှံသူများ — ၄၅
၇။ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ ပေါ်ပေါက်ရေး — ၅၇
၈။ ငွေချေးသက်သေခံလက်မှတ် ဘဏ္ဍာငွေ ထောက်ပံ့ရေး ကုမ္ပဏီများ — ၆၁
၉။ မြူနီစီပယ် ငွေချေးစာချုပ်များ ထုတ်ဝေခြင်း — ၆၉
၁၀။ အစိမ်းရောင် ငွေချေးစာချုပ်များ ထုတ်ဝေခြင်း — ၇၇
၁၁။ အစိမ်းရောင် ဘဏ္ဍာရေးစနစ် — ၈၅
၁၂။ မြန်နှုန်းမြင့် ရောင်းဝယ်ရေးစနစ် — ၉၃
၁၃။ ဘဏ္ဍာရေးလောကမှ အကောင် ၄ ကောင် — ၁၀၁
၁၄။ နိုင်ငံ၏ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်စေရေး — ၁၀၉
၁၅။ နိုင်ငံဖြတ်ကျော်စာရင်းဝင်ခြင်း (Cross Listing) — ၁၁၇
၁၆။ Depository Receipt (DR) များ ထုတ်ဝေခြင်း — ၁၂၅
၁၇။ UPCOM ဈေးကွက် — ၁၃၃
၁၈။ စတော့ကွန်နက် — ၁၄၁
၁၉။ ဝန်ထမ်းများ၏ စတော့ပိုင်ဆိုင်မှု အစီအစဉ် — ၁၄၉
၂၀။ Real Estate Investment Trust (REIT) — ၁၅၇
၂၁။ စီကျူရီတိုက်ဇေးရှင်း — ၁၆၅
၂၂။ MAI ဈေးကွက် — ၁၇၃
၂၃။ ကမ္ဘောဒီးယား စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာပုံ — ၁၈၁
၂၄။ လာအိုနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာပုံ — ၁၉၁
၂၅။ ကိုရီးယား စတော့အိတ်ချိန်း ဖွံ့ဖြိုးတိုးတက်လာပုံနှင့် ဈေးကွက် စတင်ဖွင့်လှစ်ခြင်း — ၁၉၉